ငါကိုယ်တော်သည် အသင်တို့အား အကြီးလေးဆုံး

အပြစ်အကုသိုလ်ကြီးများနှင့် ပတ်သက်ပြီး

သတင်းမပေးရဘူးလားဟု

အဗူဗက်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ငါကိုယ်တော်သည်အသင်တို့အား အကြီးလေးဆုံး အပြစ်အကုသိုလ်ကြီးများနှင့် ပတ်သက်ပြီး
သတင်းမပေးရဘူးလားဟု သုံးကြိမ်တိုင်တိုင် မေးမြန်းတော်မူခဲ့သည်။ ကျွန်တော်တို့ကအို -အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်၊ အမှန်ပင် ပြောပြတော်မူပါဟု
လျှောက်ထားခဲ့ကြသည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်နှင့်တစ်စုံတစ်ရာအား ယှဉ်တွဲကိုးကွယ်ခြင်း၊ မိဘနှစ်ပါး၏ အမိန့်ကို
ဖီဆန်ခြင်းဖြစ်သည်။ ထိုသို့ဖြေကြားပြီးနောက် ကိုယ်တော်သည် မှီလျက်ရှိနေရာမှ
ထိုင်တော်မူ၍ မိန့်ကြားသည်မှာ ကောင်းစွာသတိပြုကြပါ။
မုသားစကားပြောဆိုခြင်းဖြစ်သည်။ ကိုယ်တော်သည် ထိုစကားကို ထပ်ခါထပ်ခါ
မိန့်ကြားတော်မူနေရာ တိတ်ဆိတ်သွားလျှင် ကောင်းမှာပဲဟု ကျွန်တော်တို့(စိတ်ထဲ၌)
ကိုယ်တော့်အား (ကြင်နာ၍) ပြောဆိုမိကြသည်အထိ ဖြစ်ခဲ့သည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏သာဝကတော်များအား အကြီးလေးဆုံးအပြစ်အကုသိုလ်ကြီးများနှင့် ပတ်သက်၍ အသိပေးမိန့်ကြားတော်မူခဲ့သည်။ ကိုယ်တော်သည်အောက်ပါအပြစ်အကုသိုလ် (၃)မျိုးအား မိန့်ကြားခဲ့သည်။ (၁) အလ္လာဟ်အရှင်မြတ်နှင့်တစ်စုံတစ်ရာအား ယှဉ်တွဲကိုးကွယ်ခြင်း။ ဤသည် ခဝပ်ကိုးကွယ်မှုအမျိုးအစားများအနက်မှတစ်မျိုးမျိုးကို အလ္လာဟ်အရှင်မြတ်အပြင် အခြားသူအတွက် ပြုလုပ်ခြင်း၊အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုတွင်လည်းကောင်း၊ ခဝပ်ကိုးကွယ်ခြင်းခံထိုက်မှုတွင်လည်းကောင်း၊ မြင့်မြတ်သော ဂုဏ်တော်၊ နာမတော်များကိုပိုင်ဆိုင်ရာတွင်လည်းကောင်း အရှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာကိုတန်းတူပြုလုပ်ခြင်းဖြစ်သည်။ (၂) မိဘနှစ်ပါး၏ အမိန့်ကို ဖီဆန်ခြင်း။ ဤသည်မိဘနှစ်ပါးကို ကောင်းမွန်စွာပြုစုစာင့်ရှောက်ခြင်းကို စွန့်လွှတ်ခြင်း၊စကားဖြင့်ဖြစ်စေ လုပ်ရပ်ဖြင့်ဖြစ်စေ မိဘနှစ်ပါးကို ဒုက္ခဖြစ်စေသည့်ကိစ္စတိုင်းကိုဆိုလိုသည်။ (၃) မုသားစကားပြောဆိုခြင်း၎င်းတွင်မုသားသက်သေထွက်ဆိုခြင်းလည်း ပါဝင်သည်။ ဤသည်လိမ်လည်ပြောဆိုသည့်စကားအားလုံးကို ဆိုလိုပြီး ထိုစကားဖြင့် လိမ်လည်ခံရသူ၏ ဥစ္စာပစ္စည်းကို ရယူရန်သို့မဟုတ် ၎င်း၏ ဂုဏ်သိက္ခာကို ထိပါးစော်ကားရန် သို့မဟုတ်အလားတူကိစ္စတစ်ခုခုကိုပြုလုပ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မုသားစကား၏ မကောင်းမှုနှင့်လူ့အဖွဲ့အစည်းအပေါ် ၎င်း၏ဆိုးကျိုးများကို သတိပေးသည့်အနေဖြင့်မုသားစကားပြောဆိုခြင်းကို အကြိမ်ကြိမ်သတိပေးတားမြစ်တော်မူခဲ့ရာ နောက်ဆုံး

ဆွဟာဗဟ်များက ကိုယ်တော့်အပေါ် ကရုဏာသက်၍ ကိုယ်တော်အတွက် စိတ်အနှောက်အယှက်ဖြစ်မည်ကိုမလိုလားသောကြောင့် တိတ်ဆိတ်သွားလျှင် ကောင်းမှာပဲဟု စိတ်ထဲမှ ပြောဆိုမိသည်အထိဖြစ်ခဲ့ကြသည်။

https://sunnah.global/hadeeth/my/show/2941